MYANMAR DIGITAL RIGHTS FORUM
Protecting Your Rights on the Internet

#digitalrightsMM

## “နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေမူကြမ်း” အား အများပြည်သူကြားလုံလောက်သည့် ဆွေးနွေးမှုမျိုး ပြုလုပ်ပြီးမှ အတည်ပြုပြဌာန်းပါရန် ပထမဆုံးအကြိမ် ကျင်းပသည့် Myanmar Digital Rights Forum ၏ တိုက်တွန်းချက်

**နေ့စွဲ - ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် -** ရန်ကုန်မြို့ Phandeeyarဖန်တီးရာတွင် ဒီဇင်ဘာလ ၁၄ ရက်မှ ၁၅ရက်အထိ ကျင်းပခဲ့သည့် Myanmar Digital Rights Forum သို့ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့်အတူအစိုးရနှင့် မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာဒီဂျစ်တယ်ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာကြသူများသည် ဒီဂျစ်တယ်ရပိုင်ခွင့်ဆိုင်ရာဥပဒေအမြောက်အများကို ဆွေးနွေးခဲ့ကြသော်လည်းပြည်သူ့လွှတ်တော်၌အတည်ပြုရန် လတ်တလောဆွေးနွေးနေသော**“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေမူကြမ်း”**ကိုအလေးထားဆွေးနွေးခဲ့ကြသည်။

အဆိုပါဥပဒေမူကြမ်းအား လက်ရှိအနေအထားအတိုင်းအတည်ပြုပြဌာန်းမည်ဆိုပါက ယင်းဥပဒေကို ကျင့်သုံးရာတွင် ပေါ်ပေါက်လာနိုင်သည့် လူ့ရပိုင်ခွင့်အပေါ် စိုးရိမ်ဖွယ်ရာသက်ရောက်မှုများနှင့် ပတ်သက်သည့် အချက်များကိုဆွေးနွေးခဲ့ကြသည်။

အထူးသဖြင့် အိုင်စီတီအသုံးပြုမှုနှင့်ဆက်စပ်ပြီးလွတ်လပ်စွာထုတ်ဖော်ခွင့်၊ ပုဂ္ဂလိကလွတ်လပ်ခွင့် (privacy)အပါအဝင် ဒီဂျစ်တယ်ရပိုင်ခွင့်နှင့်ဆိုင်သည့်ကိစ္စရပ်များ စပ်လျဉ်း၍ ဥပဒေကြမ်းပါအချက်များတွင် လိုအပ်ချက်များရှိနေပါသည်။ ထို့ပြင် ဥပဒေမူကြမ်းအားနိုင်ငံတကာ လူ့ရပိုင်ခွင့်စံနှုန်းများနှင့် ကိုက်ညီရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင်လက်ရှိကျင့်သုံးနေသော အခြားဥပဒေများနှင့်ပါ ချိတ်ဆက်စဉ်းစားရန် လိုအပ်နေသေးသည့်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့် ယင်းဥပဒေကိုအများပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆွေးနွေးမှု လုံလောက်စွာရရှိပြီးမှသာ အတည်ပြုသင့်သည်။ သို့ဖြစ်ရာ အသေးစိတ် လေ့လာသုံးသပ်ဆွေးနွေးရန် အချိန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်အား ယခုဥပဒေမူကြမ်းအတည်ပြုရေးကို လုံလောက်စွာ လေ့လာသုံးသပ်တိုင်ပင်ဆွေးနွေးနိုင်သည်အထိ ဆိုင်းငံ့ထားရန် Myanmar Digital Rights Forum က တိုက်တွန်းကြောင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ယခုကြေညာချက်အား Myanmar Digital Rights Forum တက်ရောက်လာသော အောက်ဖော်ပြပါ အဖွဲ့အစည်းများက လက်မှတ်ရေးထိုးသဘောတူပါသည်။**

၁။ Burma News International (BNI)

၂။ Colourful Girls

၃။ Engage Media

၄။ Gender Equality Network

၅။ Kachin Women Peace Network

၆။ Kernellix Company

၇။ Myanmar Centre for Responsible Business (MCRB)

၈။ Myanmar ICT for Development Organization (MIDO)

၉။ Mustardseed Organization

၁၀။ New Generation Youth Organization

၁၁။ PEN Myanmar

၁၂။ Phandeeyar

၁၃။ Research Team for Telecommunications Law

၁၄။ Root Investigative Agency

၁၅။ Rainbow Organization

၁၆။ Royal Rose Women Organization

၁၇။ Sintgu Township Peace and Development Organization

၁၈။ မိုးသောက်ပန်းအဖွဲ့အစည်း

၁၉။ စေတနာပန်းခင်းအရပ်ဖက်အဖွဲ့အစည်း

***ကြေငြာချက်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကိုသိရှိလိုပါကဆက်သွယ်ရန်-***

- *ဟန်ဇော် (PEN Myanmar) - ၀၉၇၃၀၈၀၃၅၀*
- *ထိုက်ထိုက်အောင် (MIDO) – ၀၉၄၃၀၂၅၅၂၉*
- *ဝေဖြိုးမြင့် (MCRB) - ၀၉၇၉၅၃၃၃၈၀၁*